# ၃။ အင်္ဂလိပ်ရဟန်းတော် အရှင်အာနန္ဒမေတ္တေယျ

ဆရာတော် ။ ။ ဝိနည်းအရာ ထိပ်တန်းကျတဲ့ အင်္ဂလိပ်လူမျိုး ရဟန်းတစ်ပါးက ကျန်းမာရေး ချို့တဲ့လာတဲ့အတွက် ငွေကိုင်မှုဖြစ်မယ့် အခြေအနေကြုံလာလို့ လူဝတ်လဲခဲ့တဲ့ သာဓကတစ်ခု မြန်မာပြည်မှာ ရှိခဲ့ဖူးတယ် ဒကာကြီး။

M.Sc ကျောင်းသား ။ ။ ဘယ်တုန်းကလဲဘုရား။

ဆရာတော် ။ ။ သူ့ကျွန်ဘဝရောက်စဉ်ကာလ ၁၉၀၂-ခုနှစ် ကဆုန်လပြည့်နေ့မှာ ရဟန်းဘောင် တက်ခဲ့တယ်။ ဝိနည်းကို ကောင်းမွန်စွာ လေ့လာသင်ကြားပြီး ဝိနည်း သိက္ခာပုဒ်မှန်သမျှကို အပြည့်အဝ ကျင့်သုံးလိုက်နာတော်မူခဲ့သလို ဝိနည်းတော်နှင့် မလျော်ညီတဲ့ ဆေးဝါးကုသမှုကိုတောင် ပယ်လှန်တော်မူခဲ့တဲ့ ရဟန်းကောင်း ဖြစ်ပါတယ်ဒကာကြီး။

Dr. အောင်သူ ။ ။ အင်္ဂလိပ်တို့က ဗမာပြည်ကို အုပ်ချုပ်ပြီးနေတဲ့ကာလမှာ အင်္ဂလိပ်လူမျိုးတစ်ယောက် ရဟန်းဖြစ်လာတာ စိတ်ဝင်စားစရာပါဘုရား။

ဆရာတော် ။ ။ သူက သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး၊ ရူပဗေဒ ဓာတ်ခွဲပညာရှင်တစ်ဦး ဖြစ်ပါတယ်။

M.Sc ကျောင်းသား ။ ။ သူ့မိဘတွေကလည်း ဗုဒ္ဓဘာသာဝင်တွေ ပါပဲ လားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး၊ သူ့မိဘ များကိုးကွယ်တဲ့ ခရစ်ယန်ဘာသာကို သူမယုံကြည်ပါဘူးလို့ ခပ်ငယ်ငယ်ကတည်းက ပြောခဲ့ဖူးတယ်။

M.Sc ကျောင်းသား ။ ။ ရဟန်းဘဝ ဝိနည်းကျင့်ပြီး ဗမာပြည်မှာပဲ သီတင်းသုံးတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဝိနည်းအနေနဲ့ကတော့ ဉစ္စာသယနမဟာသယနကိုတောင် ဂရုစိုက်တယ်။ အမြင့်မှမကျိန်းဘဲ ကြမ်းပြင်ပေါ်မှာပဲ ကျိန်းတော်မူတယ်။ အပြင်ထွက်ရင် အမြဲတမ်း ကပ္ပိယ ပါတယ်။ သက်န်းရုံတယ်။ အဲဒီကာလ သက်တော် ၃၆-နှစ်သာ ရှိသေးတာလေ။ ဖူးမြင်ရသူတိုင်း စိတ်ဝင်စားကြတယ်။ ကြည်ညိုကြတယ်။

Dr. အောင်သူ ။ ။ ငွေလည်းမကိုင်ဘူးလား ဘုရား။

ဆရာတော် ။ ။ ငွေကြေးကို လုံးဝမကိုင်တာ။ ဝိကာလဘောဇန

ကို အထူး ဂရုပြုတော်မူတယ်။ ခရီးကြွရာမှာ အချိန်လွန်သွားခဲ့ရင် ဆွမ်းမဘုဉ်းတော့ဘူး။ အငတ်ခံပြီး နေတော်မူလေ့ရှိတယ်။ ဝိနည်းနှင့် အညီ အပ်စပ်စွာ စီမံဆောင်ရွက်ပေးတတ်တဲ့ ကပ္ပိယတစ်ယောက် လိုအပ်ပေမဲ့ ရံခါ ကပ္ပိယ မခေါ်နိုင်ပါဘူး။

Dr. အောင်သူ ။ ။ ဘာရောဂါဖြစ်လာတာလဲဘုရား။

ဆရာတော် ။ ။ ငယ်ကတည်းက ပါလာတဲ့ ပန်းနာရောဂါအပြင်

သည်းခြေကျောက်တည်ရောဂါက ထပ်ဆင့် နှိပ်စက်ပြန်တယ်။

M.Sc ကျောင်းသား ။ ။ ဒီရောဂါကြောင့် ပျံလွန်တာလားဘုရား။

ဆရာတော် ။ ။ မပျံလွန်ပါဘူး။ ရာသီဥတုကသပ္ပါယမမျှတ

လို့ အနောက်နိုင်ငံကို ပြန်ကြွမလို့ စီစဉ်တော်မူတယ်။ ဒါပေမဲ့ ဝိနည်းနဲ့အညီ ဆောင်ရွက်ပေးမယ့် ကပ္ပိယပါဖို့ အခက်အခဲ ရှိလာတယ်။

Dr. အောင်သူ ။ ။ ဘာကြောင့်များ ကပ္ပိယအခက်အခဲ ရှိရတာပါလဲဘုရား။

ဆရာတော် ॥ ॥ မကျန်းမာတဲ့အခါကျ တော့ရေရှည်မှာ ဝိနည်းနှင့်အညီဖြစ်အောင် စီမံရတဲ့ ကုန်ကျစရိတ်တွေ တိုးတိုးလာပါတယ်။ ထေရ်ရှင် ကိုယ်တိုင်ကလည်း ဘုရားစကားကို ချိုးဖောက်ပြီး ငွေမကိုင်လိုဘူး။

M.Sc ကျောင်းသား ॥ ॥ ကိုယ်တိုင် ငွေကိုင်လိုက်ရင်တော့ ကုန်ကျသက်သာတာပေါ့ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်လေ။ သို့သော် ဘုရားဥပဒေတော်ကို မလွန်ကျူးလိုဘူးလေ။

Dr. အောင်သူ ॥ ॥ နောက်တော့ ဘယ်လိုဆုံးဖြတ်လိုက်ပါသလဲ ဘုရား။

ဆရာတော် ॥ ॥ မတတ်နိုင်တဲ့ အဆုံးမှာတော့ အာနန္ဒာမေတ္တေယျ အရှင်မြတ်ကြီးက သူမြတ်နိုးတော်မူတဲ့ ရဟန်းဘဝကို ဝမ်းနည်းကြေကွဲစွာနဲ့ပဲ စွန့်လွှတ်လိုက်ရပါတော့တယ်။

Dr. အောင်သူ ॥ ॥ နှမြောစရာ ကောင်းပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ နောက်ပိုင်း လူဝတ်ကြောင် ဘဝနဲ့ပဲ (၉. ၃. ၁၉၂၃) ရက်မှာ ကွယ်လွန်သွားပါတယ်။

M.Sc ကျောင်းသား ॥ ॥ ဘယ်မြို့မှာ ကွယ်လွန်ပါသလဲဘုရား။

ဆရာတော် ॥ ॥ ပထမကမ္ဘာစစ် ကာလမှာ လီဗာပူးမြို့မှာကွယ်လွန်ပါတယ်။ ကွယ်လွန်ချိန် သက်တော် ၅၁-နှစ်ပဲ ရှိသေးတယ်။ သူ သာသနာ့ဘောင်ကို ဝင်ရောက်လာခြင်းရဲ့ ရည်ရွယ်ချက် တစ်ခုက အနောက်တိုင်းနိုင်ငံကို ဗုဒ္ဓသာသနာ ပြန့်ပွားရေးနှင့် အနောက်တိုင်းမှာ သံဃအဖွဲ့အစည်းကြီး တစ်ခု ထူထောင်ရေးအတွက် ဖြစ်တယ်တဲ့ ဒကာကြီး။

Dr. အောင်သူ ॥ ॥ သာသနာတော်အတွက် ကျေးဇူးများမယ့် ရဟန်းကောင်းတစ်ပါး ဆုံးရှုံးသွားတာပဲဘုရား။ ဝိနည်းနဲ့သီတင်းသုံးတော်မူတဲ့ ရဟန်းတစ်ပါးအတွက် ဝိနည်းစောင့်ရှောက်ပေးနိုင်မယ့် ကပ္ပိယကောင်းမရှိလို့ လူထွက်လိုက်ရတာကိုလည်း နှမြောလိုက်တာဘုရား။

---

ကျမ်းညွှန်း

* ဦးမာနိတသိရီဘိဝံသ၏ မဟာဝိသုဒ္ဓါရုံဆရာတော် (၂၀၀၆-ခုနှစ်) ဒုတိယအကြိမ်ကို မှီငြမ်းသည်။
* The First British Emissary of Buddhism by Elizabeth J.Harris ဘာသာပြန်သူ စာရေးဆရာမင်းယုဝေ (၂၀၀၅-ခုနှစ်)